# ပိုင်ရှင်ပြောင်းလျှောက်ထားခြင်း

**ပိုင်ရှင်ပြောင်းလျှောက်ထားရာတွင် အောက်ပါအချက်များလိုအပ်ပါသည်။**

၁။ ပိုင်ရှင်ပြောင်းလျှောက်ထားလိုကြောင်း မူလပိုင်ရှင်၏ လျှောက်လွှာမူရင်း နှင့်နိုင်ငံသား စိစစ်ရေး ကတ်ပြားမိတ္တူ

၂။ မူလပိုင်ရှင်သေဆုံးခြင်းဖြစ်ပါက

(က) သေဆုံးကြောင်းထောက်ခံစာ (Death Certificate) မိတ္တူ

(ခ) သေဆုံးကြောင်း ရပ်ကွက်/ကျေးရွာအုပ်ချုပ်ရေးမှူးရုံး၏ ထောက်ခံစာ (မူရင်း)

(ဂ)နိုင်ငံသားစိစစ်ရေး ကတ်ပြားမိတ္တူတွင် မိတ္တူမှန်ဖြစ်ကြောင်း သက်ဆိုင်ရာ မြို့နယ်၊ ခရိုင်၊ တိုင်းဒေသကြီး/ပြည်နယ် တိုင်းရင်းဆေးဝါးကြီးကြပ်ရေး ကော်မတီ တစ်ခုခု၏ ထောက်ခံချက် (မူရင်း)

၃။ သက်ဆိုင်ရာမြို့နယ်၊ခရိုင်၊ တိုင်းဒေသကြီး/ပြည်နယ် တိုင်းရင်းဆေးဝါး ကြီးကြပ်ရေး ကော်မတီများ၏ မှန်ကန်ကြောင်းထောက်ခံချက် (မူရင်း)

၄။ အိမ်ထောင်စုလူဦးရေစာရင်းပုံစံ (၆၆/၆)၊ (လ ဝ က) မှထုတ်ပေးထားသော ပုံစံမိတ္တူ

၅။ အိမ်ထောင်စုလူဦးရေစာရင်းတွင်ပါရှိသော အခြားအိမ်ထောင်စုဝင်များမှ သဘောတူညီ ကြောင်း ကို ဥပဒေကြောင်းအရ အထောက်အထားအပြည့်အစုံ ကတိပဋိညာဉ်မူရင်း (သက် ဆိုင်ရာတရားရုံး၊ တရားသူကြီးရှေ့မှောက်တွင် ပြုလုပ်သောကျမ်းကျိန်လွှာမူရင်း)

၆။ အိမ်ထောင်စုလူဦးရေစာရင်းဝင်များ၏ နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူများ

၇။ မှတ်ပုံတင်ဆေးဝါး(၁)မျိုးအတွက် တံဆိပ်(၂)စုံစီ (ပြောင်းလိုသော ဆေးဝါးမှတ်ပုံတင်များ၏ တံဆိပ်)